The Rehabilitation Board Act, 1950.
(Act No. XLI of 1950)

# ၁၉၅၀ ပြည့်နှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ အက်ဥပဒေ။

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၄၁။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

## အမည်နှင့် အဓိပ္ပါယ် ဖော်ပြချက်။

အမည်။
၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၀ ပြည့်နှစ်၊ ပြန်လည်ထူထောင်ရေးအဖွဲ့အက်ဥပဒေ ဟုခေါ်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်။
၂။ ။ဤအက်ဥပဒေတွင်၊ အဖွဲ့ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ပြန်လည်ထူထောင်ရေးအဖွဲ့ကိုဆိုလိုသည်။

## အခန်း ၂။

## ပြန်လည်ထူထောင်ရေးအဖွဲ့။

အဖွဲ့ဖွဲ့စည်းခြင်း။
၃။ ။ဤအက်ဥပဒေပါ ကိစ္စများကိုဆောင်ရွက်ရန် အလို့ငှါ ပြန်လည်ထူထောင်ရေးအဖွဲ့တခုဖွဲ့စည်းရမည်။ ထိုအဖွဲ့တွင် ပြန်လည်ထူထောင်ရေး ဝန်ကြီးနှင့် နိုင်ငံတော်သမ္မတက ခန့်ထားသည့် အခြား ပုဂ္ဂိုလ် ၈ ဦးပါဝင်ရမည်။

ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ။
၄။ ။(၁) ပြန်လည် ထူထောင်ရေးဝန်ကြီးသည်၊ ရာထူးအလျောက် အဖွဲ့၏ ဥက္ကဋ္ဌဖြစ်ရမည်။

(၂) အဖွဲ့၏ ပဌမအကြိမ် အစည်းအဝေးတွင် တက်ရောက်သော ပုဂ္ဂိုလ်များအထဲမှ ဒုတိယဥက္ကဋ္ဌကို ရွေးကောက်တင်မြှောက်ရမည်။

အဖွဲ့ဝင်တိုးချဲ့ခြင်း။
၅။ ။အဖွဲ့သည်၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်အရ အခါအားလျော်စွာ အဖွဲ့ဝင်လူကြီးများကိုတိုးချဲ့ခန့်ထားနိုင်သည်။

ရာထူးသက်တမ်း။
၆။ ။ဥက္ကဋ္ဌမှအပါး အခြား အဖွဲ့ဝင်လူကြီးများ၏ ရာထူးသက်တမ်းသည်၊ နိုင်ငံတော် သမ္မတက သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

Price,—Annas 2.]

၇။ လစ်လပ်သောအဖွဲ့ဝင်လူကြီးနေရာတွင် ဖြည့်စွက်ရန် နိုင်ငံတော်သမတက အဖွဲ့ဝင်လူကြီး အသစ်ကိုခန့်ထားရမည်။

လစ်လပ်သောနေရာ။

၈။ မည်သည့်အဖွဲ့ဝင်လူကြီးမဆို—

အဖွဲ့ဝင်လူကြီးများကို နုတ်ပယ်ခြင်း။

(က) အဖွဲ့ဝင်လူကြီးအဖြစ် မဆောင်ရွက်လိုဟု ငြင်းဆိုလျှင်၊ သို့တည်းမဟုတ် အဖွဲ့ဝင်လူကြီးအဖြစ် မထမ်းဆောင်နိုင်လျှင်ဖြစ်စေ၊

(ခ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခြင်းခံရလျှင်ဖြစ်စေ၊

(ဂ) နိုင်ငံတော် သမတ၏ထင်မြင်ချက်အရ အဖွဲ့ဝင်လူကြီးအဖြစ် ဆက်လက်ဆောင်ရွက်ရန် မသင့်လျော် လောက်အောင် အကျင့်စာရိတ္တပျက်သည့်ပြစ်မှုအတွက် ရာဇဝတ်တရားရုံး တခုခုက ပြစ်ဒဏ်စီရင်ခြင်းကိုခံရလျှင်၊ သို့တည်းမဟုတ် အကျင့်စာရိတ္တပျက်မှုအတွက် ရာဇဝတ်တရားရုံးတခုခု၏ အမိန့်ချမှတ်ခြင်းကိုခံရလျှင်ဖြစ်စေ၊

(ဃ) နိုင်ငံတော်သမတ၏ ထင်မြင်ချက်အရ လုံလောက်သော အကြောင်းမရှိသည့်အပြင်၊ အဖွဲ့၏ သဘောတူညီချက်လည်း မရရှိဘဲ အဖွဲ့၏လစဉ်အစည်းအဝေးသို့တဆက်တည်း လေးကြိမ်ထက်ပို၍ မတက်ဘဲနေလျှင်ဖြစ်စေ၊

(င) ရာထူး၌ ဆက်လက် ထမ်းရွက်နေခြင်းသည် ပြည်သူ့အကျိုးကိုပျက်စေမည်ဟု နိုင်ငံတော် သမတကထင်မြင်လျှင်ဖြစ်စေ၊

ထိုသူကို နိုင်ငံတော် သမတက ရာထူးမှ နုတ်ပယ်နိုင်သည်။

၉။ (၁) အဖွဲ့သည်၊ အလုပ်ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ တလလျှင် အနည်းဆုံးတကြိမ် အစည်းအဝေးကျင်းပရမည်။ လစဉ်အစည်းအဝေးကျင်းပရန် ချိန်းဆိုချက်ကို ဥက္ကဋ္ဌ၏အမိန့်ဖြင့် ပယ်ဖျက်နိုင်သည်။

အစည်းအဝေးများ။

(၂) ဥက္ကဋ္ဌ၏အမိန့်ဖြင့်သော်၎င်း၊ အဖွဲ့ဝင် လူကြီးအနည်းဆုံးသုံးဦးက လက်မှတ်ရေးထိုးသောစာဖြင့် အစည်းအဝေးကျင်းပလိုသည့် ကိစ္စကိုဖော်ပြ၍ အစည်းအဝေးခေါ်ပေးရန်တောင်းဆိုသော အခါ၌သော်၎င်း၊ အဖွဲ့၏အထူးအစည်းအဝေးကို မည်သည့်အချိန်အခါတွင်မဆိုကျင်းပ နိုင်သည်။

အထူးအစည်းအဝေး။

(၃) အဖွဲ့ဝင် လူကြီးနေရာ လစ်လပ်နေသည့် အကြောင်းကြောင့်၊ သို့တည်းမဟုတ် အဖွဲ့ဝင်လူကြီးခန့်ထားရာ၌ ချို့ယွင်းချက်ရှိသည်ဟူသော အကြောင်းကြောင့်၊ အဖွဲ့၏ဆောင်ရွက်မှုများသည် ပျက်ပြယ်ခြင်းမရှိစေရ။

၁၀။ အစည်းအဝေးသို့ အဖွဲ့ဝင်လူကြီး အနည်းဆုံး [illegible]ဦးတက်ရောက်လျှင်၊ အစည်းအဝေးအထမြောက်စေရမည်။

အစည်းအဝေးအထမြောက်ရန် လိုအပ်သော အဖွဲ့ဝင်လူကြီးဦးရေ။

အစည်းအဝေးသဘာပတိ။

၁၁။ ။(၁) ဥက္ကဋ္ဌသည်၊ အဖွဲ့၏အစည်းအဝေးတိုင်း၌ သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌမတက်ရောက်သည့်အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးမတက်ရောက်သော အစည်းအဝေးတွင်၊ တက်ရောက်သည့်အဖွဲ့ဝင်လူကြီးများအနက် တဦးဦးကိုသဘာပတိအဖြစ်ဖြင့် ဆောင်ရွက်ရန်ရွေးကောက်တင်မြှောက်ရမည်။

(၂) အဖွဲ့အစည်းအဝေး၌ ပေါ်ပေါက်သော ပြဿနာအားလုံးကို အစည်းအဝေး တက်ရောက်မဲပေးသော အဖွဲ့ဝင်လူကြီးများ၏ များရာမဲဖြင့်ဆုံးဖြတ်ရမည်။ မဲအရေအတွက်တူညီနေလျှင် ဥက္ကဋ္ဌ၏မဲဖြင့်ဆုံးဖြတ်ရမည်။

ခရီးစရိတ်နှင့်အခြားစရိတ်။

၁၂။ ။အစိုးရအရာရှိမဟုတ်သောအဖွဲ့ဝင်လူကြီးများအား၊ နိုင်ငံတော်သမ္မတက သတ်မှတ်သည့် ခရီးစရိတ်နှင့်အခြားစရိတ်များပေးရမည်။

ကော်မီတီများခန့်အပ်ရန်အာဏာ။

၁၃။ ။အဖွဲ့သည်လိုသည့် ကိစ္စအတွက်မဆို၊ အဖွဲ့ဝင်လူကြီးများ ပါဝင်သည့် ကော်မီတီတခုကိုခန့်ထားနိုင်သည်။ ထိုကော်မီတီသည် အဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာလျက်၊ မိမိအားအဖွဲ့ကလွှဲအပ်သည့်အာဏာများ၊ တာဝန်ဝတ္တရားများနှင့် အလုပ်ဝတ္တရားများကို ဆောင်ရွက်ရမည်။

ဆွေးနွေးတိုင်ပင် အပ်သူများကိုဖိတ်ခေါ်ရန်။

၁၄။ ။အဖွဲ့သည်၊ သို့တည်းမဟုတ်အဖွဲ့ကခန့်ထားသည့်ကော်မီတီသည်၊ အထူးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ရန်အလို့ငှါ၊ ထိုကိစ္စတွင်အကြံဉာဏ်ပေးနိုင်သော အထူးအရည်အချင်းရှိသူကိုင်း၊ သက်ဆိုင်ရာလုပ်ငန်းများတွင် ကောင်းစွာကျွမ်းကျင်နားလည်သူကိုသော်၎င်း ဖိတ်ခေါ်နိုင်သည်။ ထိုသူတို့အား၊ အဖွဲ့ကနိုင်ငံတော်သမ္မတ၏ သဘောတူညီချက်အရ သတ်မှတ်သည့် အခကြေး၊ သို့တည်းမဟုတ် ဥာဏ်ပူဇော်ခကိုပေးနိုင်သည်၊ သို့ရာတွင် ဤပုဒ်မအရ ဖိတ်ခေါ်ထားသူများမှာ အဖွဲ့အစည်းအဝေးများတွင် မဲပေးနိုင်သည့်အခွင့်အရေးမရှိစေရ။

# အခန်း ၃။

## အဖွဲ့ဆိုင်ရာ ရာထမ်းနှင့်ထမ်းများ။

အုပ်ချုပ်ရေးမှူး။

၁၅။ ။(၁) အဖွဲ့သည်၊ မိမိ၏ကျန်ကိစ္စအဝဝကို စီစဉ်အုပ်ချုပ်လုပ်ကိုင်ရန်အတွက် အုပ်ချုပ်ရေးမှူးတန်ထမ်းတစ်မျိုးနှင့် အခြားရာထမ်းနှင့်ထမ်းများကိုခန့်ထားနိုင်သည်။

(၂) အုပ်ချုပ်ရေးမှူး သည်၊ အဖွဲ့၏ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာလျက် မိမိအားလွှဲအပ်သည့်အဖွဲ့၏ အာဏာများ၊ တာဝန်ဝတ္တရားများနှင့် အလုပ်ဝတ္တရားများကိုဆောင်ရွက်ရမည်။ ထို့ပြင်အုပ်ချုပ်ရေးမှူးသည်၊ အဖွဲ့၏ အတွင်းရေးမှူးဖြစ်ရမည်။

*ဝန်ထမ်းတပ်မှူး။*

(၃) ဝန်ထမ်းတပ်မှူးသည်၊ ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ်ကို အုပ်ချုပ်ရမည့်ပြင်၊ အဖွဲ့၏ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ထိုဝန်ထမ်းတပ်နှင့်ပတ်သက်၍ မိမိအားလွှဲအပ်သည့် အဖွဲ့၏အာဏာများ၊ တာဝန်ဝတ္တရားများနှင့် အလုပ်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရမည်။

*စည်းကမ်းသေဝပ်မှုနှင့် စပ်လျဉ်းသည့်ပြစ်ဒဏ်။*

၁၃။ ။ဝန်ထမ်းတပ်မှူးသည်၊ ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ်၏ စည်းကမ်းသေဝပ်မှုနှင့် စပ်လျဉ်းသည့် ပြစ်မှုတခုခုကို ကျူးလွန်သော ဂုဏ်ထူးကပ်သားအား၊ အောက်ပါပြစ်ဒဏ် တခုခုကို စီရင်နိုင်သည်။

(က) ပြစ်တင်ဆုံးမခြင်း။
(ခ) ရာထူးအဆင့်အတန်းလျှော့ချခြင်း။
(ဂ) အဖွဲ့ပိုင်ပစ္စည်းတခုခုကို ပျက်စီးဆုံးပါးအောင်ပြုသည့်အတွက် လျော်ကြေးပေးစေရန်လစာငွေမှ၊သို့တည်းမဟုတ် စရိတ်ကြေးငွေမှ ဖြတ်တောက်ခြင်း။
(ဃ) ခွင့်မရဘဲ အလုပ်ပျက်ကွက်သည့် ရက်များအတွက် လစာငွေနှင့်စရိတ်ကြေးငွေဖြတ်တောက်ခြင်း။
(င) တလအတွက် လစာငွေအထိ၊ ငွေဒဏ်တပ်ရိုက်ခြင်း။

## အခန်း ၄။

### အဖွဲ့၏အလုပ်ဝတ္တရားများနှင့်အာဏာများ။

*အဖွဲ့၏ အလုပ်ဝတ္တရားများ။*

၁၄။ ။အဖွဲ့သည် အောက်ပါကိစ္စများကိုဆောင်ရွက်ရမည်။

(က) ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ်များကို ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း သင့်လျော်သောနေရာများတွင်သင့်လျော်သောအချိန်၌တည်ထောင်ရန်ကိစ္စ၊

(ခ) ပြန်လည်ထူထောင်ရေးဝန်ထမ်းတပ်သားများအတွက် လိုအပ်သောပညာများကို သင်ကြားလေ့ကျင့်ပေးရန် ပညာသင်တန်းများနှင့် လေ့ကျင့်ရေးစခန်းများတည်ထောင်ရန်ကိစ္စ။

(ဂ) နိုင်ငံတော်အစိုးရ၏ ပြန်လည်ထူထောင်ရေး စီမံကိန်းများ ထမြောက်အောင်မြင်စေရန် သက်ဆိုင်ရာအစိုးရဌာနများနှင့်လည်းကောင်း၊ သက်ဆိုင်ရာဒေသန္တရအဖွဲ့များနှင့်လည်းကောင်း၊ စီစဉ်ဆက်သွယ်၍ ဆောင်ရွက်ရန်ကိစ္စ။

(ဃ) ပြန်လည်ထူထောင်ရေးဝန်ထမ်းတပ်သားများနှင့် ထိုသူတို့ကို မှီခိုနေသောဇနီး၊သားသမီးများ သက်သာချောင်ချိမှုအတွက်လိုအပ်သောအစီအစဉ်များ၊ လုပ်ငန်းများကို တည်ထောင်ပြုလုပ်ပေးရန်ကိစ္စ။

(င) ပြည်ထောင်စု နိုင်ငံအတွင်း လိုအပ်သောဒေသများတွင်စံနစ်တကျ မြို့ပြ၊ကျေးရွာများ ထူထောင်ပေးရန်ကိစ္စ။

(စ) မိမိ၏ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ခြောက်လပတ်အစီရင်ခံစာများကို နိုင်ငံတော်သမတထံတင်သွင်းရန်ကိစ္စ။

၁၀။ ။အဖွဲ့မှာအောက်ပါအာဏာများရှိရမည်။

အဖွဲ့၏အာဏာများ။ (က) အဖွဲ့က မိမိတာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကိုဆောင်ရွက်ရန်သော်၎င်း၊ ယင်းသို့ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍သော်၎င်း၊ ဤအက်ဥပဒေအရအဖွဲ့သို့ အပ်နှင်းသည့်ပစ္စည်းများကို အကျိုးအများဆုံးရရှိအောင် အသုံးပြုရန်သော်၎င်း၊ လိုအပ်မည်၊ အကျိုးရှိမည်၊ သို့တည်းမဟုတ် သင့်လျော်မည်ဟုအဖွဲ့ကထင်မြင်သော အလုပ်အကိုင်များကိုလုပ်ကိုင်ဆောင်ရွက်ခြင်း။

(ခ) အဖွဲ့၏ တာဝန် ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို ဆောင်ရွက်ရန်လိုအပ်သည်ဟု အဖွဲ့ကထင်မြင်သောမြေကို၊ သို့တည်းမဟုတ် ဖြတ်သန်းနိုင်သည့်အခွင့်အရေးကို သိမ်းယူခြင်း၊ သို့တည်းမဟုတ်ငှါးယူခြင်း၊

သို့သော် ထိုသို့သိမ်းယူခြင်းသည်၊ မည်သည့်အငြာပိုင်၏အလုပ်အကိုင်ကိုမျှ၊ သို့တည်းမဟုတ် မည်သည့်ပြည်သူ့အဖွဲ့၏အလုပ်အကိုင်ကိုမျှ ထိခိုက်ခြင်းမရှိစေရ။

ထို့ပြင် ထိုသို့သိမ်းယူခြင်းဖြင့် အကျိုးပျက်စီးခံရသူပိုင်ရှင်အား သင့်လျော်သောလျော်ကြေးပေးရမည်။

(ဂ) အဖွဲ့၏ တာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကိုနေရာတကျဆောင်ရွက်နိုင်ရန်အလို့ငှါ ပဋိညာဉ်စာချုပ်များချုပ်ဆိုခြင်း။

(ဃ) အဖွဲ့သည်၊ လိုအပ်သော အခါကာလများ၌ ပြန်လည်ထူထောင်ရေးရံပုံငွေဟူ၍ ရံပုံငွေတရပ်ဖွင့်လှစ်နိုင်ခွင့်နှင့်သုံးစွဲနိုင်ခွင့်ရှိခြင်း။

## အခန်း ၅။

### အဖွဲ့အတွက်မြေသိမ်းယူခြင်း။

မြေများသိမ်းယူခြင်း။ ၁၉။ ။ဤအက်ဥပဒေပါ ကိစ္စများအတွက် မည်သည့်မြေကိုမဆိုအလိုရှိ၍အဖွဲ့က လျှောက်တောင်းသောအခါ၊ နိုင်ငံတော်သမတသည်၊ မြေသိမ်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ မြေကိုသိမ်းယူရန် ဆောင်ရွက်နိုင်သည်။ ထို့ပြင်ထိုအက်ဥပဒေအရ ဆုံးဖြတ်သည့်လျော်ကြေးကို အဖွဲ့ကပေးသောအခါမြေကိုအဖွဲ့ကပိုင်ဆိုင်ရမည်။

## အခန်း ၆။

### ရံပုံငွေများ။

ရံပုံငွေ။ ၂၀။ ။အဖွဲ့က မိမိတာဝန်ဝတ်တရားများနှင့် အလုပ်ဝတ်တရားများကို ဆောင်ရွက်နိုင်စေရန်အတွက်၊ နိုင်ငံတော်အစိုးရသည်၊ မိမိသင့်သည်ဟုထင်မြင်သည့်ငွေများကို ရံပုံငွေတရပ် ဖွင့်လှစ်ထုတ်ပေးနိုင်သည်။

၂၁။ ။ဤအက်ဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ပေးသည့်ငွေအားလုံးကို သော်၎င်း၊ ပုဒ်မ ၁၇၊ အပိုဒ် (ဃ) အရ ဖွင့်လှစ်ထားသည့် သီးခြားရံပုံငွေကိုသော်၎င်း၊ အဖွဲ့ကအစည်းအဝေးကျင်းပ၍ ရွေးချယ်သည့် ဘဏ်တွင်ထားရမည်။ သို့သော်တိုသို့ထားနိုင်ရန် နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ကိုရယူရမည်။

ငွေကိုဘဏ်၌ထားခြင်း။

## အခန်း ၇။

### ရသုံးခန့်မှန်းခြေငွေစာရင်းတင်ပြခြင်း။

၂၂။ ။(၁) နှစ်စဉ် ဇွန်လတွင်ကျင်းပရသည့် အထူးအစည်းအဝေး၌ နောက်လာမည့် အောက်တိုဘာလ ၁ ရက်နေ့မှအစပြုသည့် ဘဏ္ဍာရေးနှစ်အတွက်၊ နိုင်ငံတော်သမ္မတ၏သဘောတူညီချက်ဖြင့် အဖွဲ့က အခါအားလျော်စွာညွှန်ကြားသောအချက်များ အစုံအလင်ပါရှိသောအဖွဲ့၏ဝင်ငွေနှင့်အသုံးစရိတ်ခန့်မှန်းခြေစာရင်းကို၊ ဥက္ကဋ္ဌကပြုလုပ်၍ အဖွဲ့သို့တင်ပြရမည်။

ငွေစာရင်းတင်ပြခြင်း။

(၂) ထိုသို့တင်ပြသော ခန့်မှန်းခြေစာရင်းကို အဖွဲ့က စဉ်းစားဆွေးနွေးရမည်၊ အဖွဲ့ကသင့်လျော်သည်ထင်သော ပြင်ဆင်ချက်များကို ပြုလုပ်၍အတည်ပြုရမည်။ သို့သော်အဖွဲ့သည် မိမိအလုပ် စတင်လုပ်ကိုင်သည့် ပဌမနှစ်နှင့်ပတ်သက်၍ အလုပ်စတင်လုပ်ကိုင်သည့်နေ့ရက်မှ ထိုဘဏ္ဍာတော်နှစ် ကုန်ဆုံးသည့်နေ့အထိ ကာလအပိုင်းအခြားအတွက်ရသုံးခန့်မှန်းခြေစာရင်းကို၊ နိုင်ငံတော်သမ္မတထံ ဆောလျင်စွာတင်သွင်းရမည်။

၂၃။ ။(၁) အဖွဲ့ကအတည်ပြုသည့် ရသုံး ခန့်မှန်းခြေစာရင်း၏ မိတ္တူတစောင်ကို နိုင်ငံတော် သမ္မတ၏ ခွင့်ပြုချက်ရရန် တင်သွင်းရမည်။ နိုင်ငံတော်သမ္မတက မိမိသင့်တော်သည်ဟု ထင်မြင်သည့်အတိုင်း၊ ထိုရသုံးခန့်မှန်းခြေ စာရင်းတခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုနိုင်သည်၊ သို့တည်းမဟုတ် ရသုံးခန့်မှန်းခြေစာရင်းတခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ခွင့်မပြုဘဲပယ်ချနိုင်သည်။ ထို့ပြင် ထိုရသုံးခန့်မှန်းခြေစာရင်းကိုပြင်ဆင်ရန် ရသုံးခန့်မှန်းခြေစာရင်းရရှိသည့်နေ့မှ ၁လအတွင်း မည်သည့်အချိန်၌မဆို ပြန်ပို့နိုင်သည်။

ခန့်မှန်းခြေ စာရင်းကို နိုင်ငံတော် သမ္မတထံ တင်သွင်း ခြင်းနှင့် ခန့်မှန်းခြေစာရင်းကို ပြင်ဆင်ခြင်း။

(၂) ရသုံးခန့်မှန်းခြေစာရင်းကိုပြင်ဆင်ရန် နိုင်ငံတော်သမ္မတကပြန်ပို့လျှင်၊ အဖွဲ့သည် ထိုရသုံးခန့်မှန်းခြေစာရင်းကို ပြင်ဆင်ရန် ချက်ခြင်းဆောင်ရွက်ရမည်။ ထိုနောက် ထိုသို့ပြင်ဆင်ထားသည့် ရသုံးခန့်မှန်းခြေစာရင်းကို နိုင်ငံတော် သမ္မတထံ ခွင့်ပြုချက်ရရန်ထပ်မံတင်သွင်းရမည်။

၂၄။ ။ရသုံးခန့်မှန်းခြေစာရင်းကို ခွင့်ပြုသည့်နှစ်အတွင်း မည်သည့်အချိန်၌မဆို လိုအပ်ခဲ့လျှင်၊ အဖွဲ့က နောက်ထပ် ခန့်မှန်းခြေစာရင်းတခုကို မူလခန့်မှန်းခြေစာရင်း ပြုလုပ်သည့် နည်းအတိုင်း ပြုလုပ်ပြီးလျှင် နိုင်ငံတော်သမ္မတထံ တင်သွင်းနိုင်သည်။

နောက်ထပ်ရသုံး ခန့်မှန်းခြေစာရင်း။

ရသုံးခန့်မှန်းငွေစာရင်းရှိ ငွေများကို လွှဲပြောင်း သုံးစွဲခြင်း။

၂၅။ ။နိုင်ငံတော်သမတက ဤကိစ္စအတွက် ပေးသည့် ညွှန်ကြားချက်နှင့် မဆန့်ကျင်စေဘဲ၊ အထက်ပါ ပြဋ္ဌာန်းချက်များအရ ခွင့်ပြုထားလျက်မသုံးစွဲရသေးသောငွေဖြင့်၊ သို့တည်းမဟုတ် ထိုငွေ၏အစိတ်အပိုင်းဖြင့် ဆိုခဲ့သည့်ခန့်မှန်းခြေစာရင်းအရ ခွင့်ပြုထားသည့်အခြားအသုံးစရိတ်တခုခုအတွက် ခွင့်ပြုထားသည့်ငွေထက်ပို၍ သုံးစွဲပြီးသောငွေကို၊ အဖွဲ့ကထေ၍လွှဲပြောင်းသုံးစွဲနိုင်သည်။

ငွေစာရင်းများစစ်ဆေးခြင်း နှင့် အစီရင်ခံစာ။

၂၆။ ။(၁) အဖွဲ့၏ငွေစာရင်းများကို နိုင်ငံတော်သမတက ညွှန်ကြားသည့် ကာလအပိုင်းအခြားအတွက် ညွှန်ကြားသည့် အချိန်တွင် အဖွဲ့ကနိုင်ငံတော်သမတထံပေးပို့ရမည်။

(၂) အဖွဲ့သည်၊ ရုံးငွေစာရင်းများကိုနိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့်နိုင်ငံတော်စာရင်းစစ်ချုပ်ပြဋ္ဌာန်းသည့် ပုံစံအတိုင်းထားရှိရမည်။

(၃) အဖွဲ့၏ငွေစာရင်းများကို နိုင်ငံတော် စာရင်းစစ်ချုပ်က စစ်ဆေးရမည်။ ထိုငွေစာရင်းများနှင့် ပတ်သက်သည့် နိုင်ငံတော်စာရင်းစစ်ချုပ်၏ အစီရင်ခံစာကို နိုင်ငံတော်သမတထံတင်သွင်းရမည်။

## အခန်း ၇။

## အရပ်ရပ်ဆိုင်ရာ။

နိုင်ငံတော် သမတက အဖွဲ့၏ အဆောက်အအုံများကို ရုပ်သိမ်းနိုင်ခြင်း။

၂၇။ ။(၁) ဤအက်ဥပဒေအရ ပြီးမြောက်အောင်ဆောင်ရွက်ရန် ရည်ရွယ်ထားသောကိစ္စများကို အဖွဲ့ကစည်းကမ်းတကျ ပြီးမြောက်အောင် မဆောင်ရွက်သေးသည့်ပြင်၊ ဆောင်ရွက်မည့် လက္ခဏာလည်းမရှိဟု နိုင်ငံတော်သမတက မည်သည့်အချိန်တွင်မဆို ထင်မြင်သဘောရရှိလျှင်၊ နိုင်ငံတော်သမတကျေနပ်လောက်အောင် အဖွဲ့က ထိုကိစ္စများကို ၃ လအတွင်း ပြီးမြောက်အောင်ဆောင်ရွက်ခြင်း မပြုပါမူ၊ ဤအက်ဥပဒေအရအဖွဲ့သို့အပ်နှင်းထားသောအဆောက်အအုံများကိုထို ၃ လ ကာလ စေ့ကုန်ပြီးနောက် နိုင်ငံတော်သမတကရုပ်သိမ်းမည်ဟုအမိန့်ကြော်ငြာစာဖြင့် အကြောင်းကြားနိုင်သည်။

(၂) အထက်ဆိုခဲ့သည့် ၃ လ ကာလ စေ့ကုန်သောအခါ၊ အဖွဲ့က နိုင်ငံတော်သမတကျေနပ်လောက်အောင်ဆောင်ရွက်ခြင်းမပြုသေးလျှင်၊ နိုင်ငံတော်သမတသည်၊ ထိုအဆောက်အအုံများကိုရုပ်သိမ်းလိုက်ပြီးဟု ကြေညာ၍သိမ်းယူနိုင်သည်။ ထိုအခါ ထိုသို့ကြေညာသည့်အတိုင်း အဆောက်အအုံများမှာရုပ်သိမ်းပြီးဖြစ်ရမည့်ပြင်၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါအဖွဲ့သို့ပေးအပ်ထားသည့်၊ သို့တည်းမဟုတ် အဖွဲ့ကလက်ရှိထားသည့်အဆောက်အအုံအားလုံး၊ အခွင့်အရေးအားလုံး၊ အနီး အဆောက်အအုံအားလုံးနှင့် ပစ္စည်းအားလုံးသည်၊ နိုင်ငံတော်သမတ၌တည်ရှိရမည်။

တရားစွဲဆိုခြင်းကို တားမြစ်ခြင်း။

၂၀။ ။အဖွဲ့ဝင်လူကြီး၊ သို့တည်းမဟုတ် အဖွဲ့၏အရာရှိ၊ သို့တည်းမဟုတ် အဖွဲ့၏ ရာထမ်း မှုထမ်း တဦးတယောက် အပေါ်တွင်၊ မည်သည့်ကိစ္စကိုမဆို၊ ဤအက်ဥပဒေအရ ရိုးသားသော သဘောဖြင့်ပြုလုပ်သည့်အတွက်သော်၎င်း၊ ပြုလုပ်ရန်ကြံရွယ်

သည့်အတွက်သော်၎င်း၊ ရာဇဝတ်မှုစွဲဆိုခြင်း၊ သို့တည်းမဟုတ် တရားမမှုစွဲဆိုခြင်းမပြုရ၊ သို့တည်းမဟုတ် အခြားအမှုအခင်းမပြုလုပ်ရ။

စည်းကမ်း ဥပဒေများ ပြုလုပ်ရန် အဖွဲ့၏အာဏာ။

၂၉။ ။အောက်ပါ ကိစ္စများနှင့်ပတ်သက်၍ အဖွဲ့သည်၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ကို ကြိုတင်ရယူ၍ ဤအက်ဥပဒေနှင့် မဆန့်ကျင်သောစည်းကမ်းဥပဒေများကို ပြုလုပ်နိုင်သည်။

(က) အဖွဲ့၏မှုခင်းကိစ္စဆောင်ရွက်ရန် နည်းလမ်းနှင့် အဖွဲ့၏အစည်းအဝေးများတွင် လိုက်နာရန်နည်းလမ်းများကိုသတ်မှတ်ခြင်း။

(ခ) အဖွဲ့၏ရုံးဆိုင်ရာ ရာထမ်း မှုထမ်းများနှင့် ပြန်လည် ထူထောင်ရေး ဝန်ထမ်းတပ်ဆိုင်ရာ ရာထမ်းမှုထမ်းများကို ခန့်ထားခြင်း၊ အလုပ်မှ ထုတ်ပယ်ခြင်း၊ ထိုသူတို့၏လစာစရိတ်နှင့် အမှုထမ်းစည်းကမ်းများကိုသတ်မှတ်ခြင်း။

(ဂ) အဖွဲ့၏ရုံးဆိုင်ရာ ရာထမ်း မှုထမ်းများနှင့် ပြန်လည် ထူထောင်ရေး ဝန်ထမ်းတပ်ဆိုင်ရာ ရာထမ်းမှုထမ်းများ၏ တာဝန်ဝတ္တရားများကို ခွဲဝေချထားခြင်း။

(ဃ) ပုဒ်မ ၁၃ အရ၊ အဖွဲ့က ကော်မီတီများသို့ အာဏာများလွှဲအပ်ခြင်း။

(င) အိုးနာစာရိပုံငွေ၊ သို့တည်းမဟုတ် ပင်စင်လစာရံပုံငွေကို အဖွဲ့ကတည်ထောင်ထားရှိရန်အတွက် ထိုရံပုံငွေနှင့်ပတ်သက်၍—

(၁) အစိုးရရာထမ်း မှုထမ်းမဟုတ်သော အခြားရာထမ်းမှုထမ်းတို့အား ထိုရံပုံငွေသို့ထည့်သွင်းရန်အတွက်စည်းကမ်းသတ်မှတ်ခြင်း။

(၂) အဆိုပါရံပုံငွေသို့ အဖွဲ့ပိုင်အခြားရံပုံငွေများမှ အဖွဲ့ကငွေထည့်သွင်းပေးရန်အတွက် ပြဋ္ဌာန်းခြင်း။

(စ) ဤအက်ဥပဒေပါ အခြားကိစ္စများကို ဆောင်ရွက်ခြင်း။

၃၀။ ။ဤအက်ဥပဒေအတည်မဖြစ်မီ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက ဖွဲ့စည်းခဲ့သော ပြန်လည်ထူထောင်ရေး အဖွဲ့သည်၊ ဤအက်ဥပဒေ ပုဒ်မ ၃ အရ နည်းလမ်းတကျဖွဲ့စည်းသောအဖွဲ့ဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ ထိုအဖွဲ့၏ဆောင်ရွက်ပြီးအမှုကိစ္စအဝဝသည်၊ ဤအက်ဥပဒေအရ ဆောင်ရွက်သည့်အမှုကိစ္စများ ဖြစ်သည်ဟု မှတ်ယူရမည်။

G.U.B.C.P.O.—No. 21, M n of J A., 14-11-50—2,400 —II